# EDUCATION LIFE
## INSURANCE CHECKLIST
ပညာရေးအသက်အာမခံ

AMI Life
အသက်အာမခံ

- **မှတ်ချက် Remark**

ဤစာရွက်စာတမ်းသည် ယေဘုယျသတင်းအချက်အလက်မျှသာဖြစ်ပါသည်။ အာမခံသော စာချုပ်မဟုတ်ပါ။ အာမခံ(သို့မဟုတ်)ဝန်ဆောင်မှုအား ဝယ်ယူရန်ကမ်းလှမ်းချက်လည်းမဟုတ်ပါ။ ထို့အပြင်တစ်စုံတစ်ရာကို အာမခံပေးခြင်း (သို့မဟုတ်) ငွေကြေးဆိုင်ရာကို အကြံပေးခြင်းလည်းမဟုတ်ပါ။ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့် အညီချုပ်ဆိုထားသော စာချုပ်ကို စိတ်ဝင်စားပါကဝယ်ယူရန် သင့်၊မသင့်ကို အထက်ဖော်ပြပါအချက်များအားဖတ်ရှု လေ့လာပြီး မှသာ ဆုံးဖြတ်ဝယ်ယူရန်ဖြစ်ပါသည်။

This checklist is general information only. This is not insurance policy (or) not proposal. Also this is not financial advisory, insuring contract. You are required to know and understand all the terms and conditions stated above before signing this checklist.

ရက်စွဲ
Date --------------------

| • အာမခံလက်ခံသူ Insurer | | • အာမခံထားသူ Insured | |
|---|---|---|---|
| လက်မှတ် Signature | ------------------------------ | လက်မှတ် Signature | ------------------------------ |
| ဝန်ထမ်းအမည် Employee's Name | ------------------------------ | အမည် Name | ------------------------------ |
| ရာထူး Position | ------------------------------ | ဖုန်းနံပါတ် Phone | ------------------------------ |

Hotline နံပါတ် 09-940077773 (Sales Enquiries: Ext 2 နှင့် Claim Enquiries: Ext (3-2)) သို့ အချိန်မရွေးဆက်သွယ်နိုင်ပါသည်။

# EDUCATION LIFE
## INSURANCE CHECKLIST
ပညာရေးအသက်အာမခံ

AMI Life
အသက်အာမခံ

- **ရည်ရွယ်ချက်**
  သားသမီးများ၏ ပညာရေးအတွက် ငွေကြေးစုဆောင်းသည့် အလေ့အထ ရရှိစေရန်ရည်ရွယ်ပါသည်။

- **အာမခံအမျိုးအစား**
  ငွေစုဆောင်းသည့် (Saving Type) အာမခံအမျိုးအစား ဖြစ်ပါသည်။ ပညာရေးအသက်အာမခံကို အခြေခံအကျိုးခံစားခွင့်ပုံစံ (Basic Benefit Plan) အမျိုးအစားနှင့် နှစ်ထပ်ကွမ်းအကျိုးခံစားခွင့်ပုံစံ(Double Benefit Plan) အမျိုးအစားဟူ၍ဝယ်ယူရရှိနိုင်ပါသည်။

- **ပညာရေးအသက်အာမခံထားရှိနိုင်သူများ**
  ပေါ်လစီရှင်ဆိုသည်မှာ အာမခံပေါ်လစီအတွက် တရားဝင်ပိုင်ဆိုင်ခွင့်ရှိသော လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) တရားဝင် ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုကိုရည်ညွှန်းထားပါသည်။ အာမခံထားသူဆိုသည်မှာအာမခံ ပေါ်လစီစည်းကမ်းချက်များနှင့်အညီအာမခံအကာအကွယ် ရရှိထားသော လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် ကိုရည်ညွှန်းပါသည်။မိမိသားသမီး များ၏ပညာရေးအတွက် မိမိအသက်ကို အာမခံထားနိုင်ပါသည်။

- **အာမခံထားသူ၏အသက်ကန့်သတ်ချက်**
  အသက် (၁၈)နှစ်မှ (၅၆)နှစ်အတွင်းထားရှိနိုင်ပါသည်။

- **အာမခံသက်တမ်း**
  အာမခံသက်တမ်းကို(၉)နှစ်၊(၁၁)နှစ်၊(၁၄)နှစ်ထားရှိနိုင်ပါသည်။

- **အာမခံထားနိုင်သည့်ငွေပမာဏ**
  အနည်းဆုံး ကျပ်သိန်း(၅၀)မှ အများဆုံး ကျပ်သိန်း(၁၀၀၀)အထိ ထားရှိနိုင်ပါသည်။

- **ပရီမီယံနှုန်း**
  အာမခံထားသူ၏ အသက်၊ အာမခံသက်တမ်းနှင့် အာမခံထားငွေ တို့အပေါ်တွင် မူတည်၍ ပေးသွင်းရမည့် ပရီမီယံနှုန်းကို တွက်ချက်ထားပါသည်။

- **ပရီမီယံကြေးပေးသွင်းရန်သက်တမ်း**
  ပရီမီယံကြေးအား ပေးသွင်းရန် သက်တမ်းမှာ သက်ဆိုင်ရာ အာမခံသက်တမ်း ပေါ်မူတည်၍ (၅)နှစ်၊(၇)နှစ်၊(၁၀)နှစ် စသည်ဖြင့်ပေးသွင်းနိုင်ပါသည်။

- **ပရီမီယံပေးသွင်းခြင်း**
  ပရီမီယံကို ၁လတစ်ကြိမ်၊ ၃လတစ်ကြိမ်၊၆လတစ်ကြိမ်၊၁၂လတစ်ကြိမ် အရစ်ကျပေးသွင်းနိုင်ပါသည်။

- **ကျန်းမာရေးစစ်ဆေးခြင်း**
  ပညာရေးအသက် အာမခံထားရှိသူသည် ကျန်းမာရေး ဆေးစစ်မှု ခံယူရန် လိုအပ်ပါသည်။

## အကျိုးခံစားခွင့်လွှဲပြောင်းခြင်း

- အကျိုးခံစားခွင့်လွှဲပြောင်းခြင်းခံရသူ ဆိုသည်မှာ အသက်အာမခံပေါ်လစီတွင် အာမခံထားသူသေဆုံး/ထာဝစဉ်မသန်စွမ်းဖြစ်ခြင်းကြောင့် ရရှိမည့် အကျိုးခံစားခွင့်ကို တရားဝင် ထုတ်ယူခံစားပိုင်ခွင့်ရှိသော အာမခံစာချုပ်တွင်ရေးသားဖော်ပြထားသည့် လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုရည်ညွှန်းပါသည်။
- ပညာရေးအသက်အာမခံပေါ်လစီရှင်တစ်ဦးအနေဖြင့် အာမခံအကျိုးခံစားခွင့်အား မည်သူ့ကိုမဆိုတစ်ဦးတည်းဖြစ်စေ (သို့) တစ်ဦးထက်ပို၍ဖြစ်စေ ကြိုက်နှစ်သက်ရာ ရာခိုင်နှုန်း အချိုးအစားအလိုက် လွှဲပြောင်းပေးနိုင်ပါသည်။

## ပညာရေးအသက်အာမခံ (Education Life Insurance) ထားခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများ

(က) သားသမီးများ၏ ပညာရေးအတွက်ချွေတာစုဆောင်းသည့် အလေ့အထကောင်းရရှိစေခြင်း၊

(ခ) မမျှော်လင့်သော ဖြစ်ရပ်ဆိုးများနှင့်ကြုံခဲ့သော်လည်း သားသမီးများ၏ ပညာရေးရပ်ဆိုင်းမသွားစေဘဲ ပညာရေးအတွက် ငွေရေးကြေးရေး အထောက်အပံ့ ရစေခြင်း၊

(ဂ) ပေးသွင်းရသည့် ပရီမီယံပမာဏထက်ပိုမိုသော အာမခံအကျိုးခံစားခွင့် ငွေရနိုင်ခြင်း၊

(ဃ) ဝင်ငွေခွန်သက်သာခြင်း၊

(င) အာမခံအကျိုးခံစားခွင့်ပေါ်တွင် အခွန်ကင်းလွတ်ပိုင်ခွင့်ရှိခြင်း၊

(စ) အာမခံရရှိသည့်အကျိုးခံစားခွင့်ကို မည်သည့်ကြွေးရှင်မှ ဝရမ်းမကပ်နိုင်ခြင်း၊

# EDUCATION LIFE
## INSURANCE CHECKLIST
ပညာရေးအသက်အာမခံ

AMI Life အသက်အာမခံ

## ပညာရေးအသက်အာမခံ (Double Benefit Plan) ပေါ်လစီအကျိုးခံစားခွင့်များ

(က) သေဆုံးမှုအကျိုးခံစားခွင့် (Death Benefit)
(ခ) ထာဝစဉ်မသန်စွမ်းအကျိုးခံစားခွင့် (Total Permanent Disability Benefit)
(ဂ) ပရီမီယံကင်းလွတ်ခွင့် (Premium Waiver)
(ဃ) ပညာရေးအကျိုးခံစားခွင့် (Education Benefit)
(င) ပေါ်လစီကိုစာရင်းပိတ်ခြင်း (Paid-up Policy)
(စ) အမ်းငွေထုတ်ယူနိုင်ခြင်း (Surrender Value)
(ဆ) ချေးငွေရနိုင်ခြင်း (Policy Loan)

## ပညာရေးအသက်အာမခံ (Basic Benefit Plan) ပေါ်လစီအကျိုးခံစားခွင့်များ

(က) ပရီမီယံကင်းလွတ်ခွင့် (Premium Waiver)
(ခ) ပညာရေးအကျိုးခံစားခွင့် (Education Benefit)
(ဂ) ပေါ်လစီကိုစာရင်းပိတ်ခြင်း (Paid-up Policy)
(ဃ) အမ်းငွေထုတ်ယူနိုင်ခြင်း (Surrender Value)
(င) ချေးငွေထုတ်ယူနိုင်ခြင်း (Policy Loan)

## ပေါ်လစီတည်မြဲခြင်း

(က) ပရီမီယံ စတင်သည့်နေ့မှစ၍ ပေါ်လစီသည် စတင်တည်မြဲလာပြီး အောက်တွင် ဖော်ပြထားသော (၁)မှ (၃)အထိ နေ့ရက်များ မတိုင်ခင်အထိ ပေါ်လစီသည် ဆက်လက်တည်မြဲနေပါမည်။
(၁) ပေါ်လစီလျှောက်လွှာတွင် သတ်မှတ်ထားသော အကျိုးခံစားခွင့်ရပ်ဆိုင်းသည့်နေ့
(၂) ပေါ်လစီရှင်မှ ပေါ်လစီရပ်စဲသည့်နေ့နှင့်
(၃) ပေါ်လစီဖျက်သိမ်းသည့်နေ့ သို့မဟုတ် ပျက်ပြယ်သည့်နေ့
(ခ) ပညာရေးအသက်အာမခံပေါ်လစီအတွက် ပရီမီယံကိုအနည်းဆုံး(၃)နှစ်ပေးသွင်းပြီးပါက ပေါ်လစီအတည်ဖြစ်ပါသည်။

## အလိုအလျောက်ပေါ်လစီတည်မြဲခြင်း

- အမ်းငွေရသင့်တန်ဖိုး ရရှိနိုင်သော ပေါ်လစီတွင် ပရီမီယံပေးသွင်းခြင်း ပျက်ကွက်သော်လည်း ပေါ်လစီမပျက်ပါ။ ပေးသွင်းရန် ကျန်သည့် ပရီမီယံ၊ အတိုးနှင့် ကုမ္ပဏီမှ ရရန်ရှိငွေများကို အမ်းငွေရသင့်တန်ဖိုးမှ အရစ်ကျအတိုင်း နှုတ်ယူပြီး ပေါ်လစီကို အလိုအလျောက် ဆက်လက် တည်မြဲစေနိုင်ပါသည်။ အဆိုပါ ပေးရန်ကျန်ပရီမီယံငွေပေါ်တွင် တစ်နှစ်လျှင် ၁၅% အတိုးပါ ထည့်သွင်းတွက်ချက်ပါမည်။

- ပေါ်လစီရှင်မှ ပေးသွင်းရန်ကျန်သည့် ပရီမီယံကို အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အမ်းငွေရသင့်တန်ဖိုးမှ နုတ်၍ အလီလီပေးသွင်းခြင်းဖြင့် အမ်းငွေ ရသင့်တန်ဖိုးကုန်သွား ပါကပေါ်လစီပျက်သည်။

- အထက်တွင်ဖော်ပြခဲ့သည့် နည်းဖြင့် အလိုအလျောက် တည်မြဲစေသည့် ပေါ်လစီအတွက်ပေးရန်ကျန်သည့် ပရီမီယံ စုစုပေါင်းနှင့် အတိုးကို တစ်ကြိမ်တည်း ပေးဆပ်ခြင်းဖြင့် ပေါ်လစီကို ပြန်လည် တည်မြဲစေနိုင်သည်။ ဤကဲ့သို့တည်မြဲစေရာတွင် ကျန်းမာရေးစစ်ဆေးရန် လိုအပ်သည်ဟု ကုမ္ပဏီမှ ယူဆလျှင် ပြန်လည် စစ်ဆေးမှု ခံယူရမည် ဖြစ်ပြီး ကျန်းမာရေးစစ်ဆေးမှုစရိတ်ကို ပေါ်လစီရှင်မှ ကျခံရမည်ဖြစ်သည်။

- အကယ်၍ ကျန်းမာရေးစစ်ဆေးသည့် ဆရာဝန်၏ ထောက်ခံချက်အရ ကျန်းမာရေးအခြေအနေသည် လက်ခံနိုင်သည့် အနေအထားရှိလျှင် ပေါ်လစီကိုပြန်လည်တည်မြဲခွင့်ပြုမည်ဖြစ်ပါသည်။ သို့ရာတွင်ကျန်းမာရေးစစ်ဆေးသည့် ဆရာဝန်၏ ထောက်ခံချက်အရ ကျန်းမာရေးအခြေအနေသည် လက်ခံနိုင်သည့် အနေအထားမရှိလျှင် ပေါ်လစီကို ပြန်လည်တည်မြဲ ခွင့်ပြုမည်မဟုတ်ပါ။

- ဤကဲ့သို့အလိုအလျောက် ပေါ်လစီတည်မြဲနေသော ကာလအတွင်း အာမခံထားသူကွယ်လွန်/ထာဝစဉ် လုံးဝမသန်စွမ်း ဖြစ်ခဲ့သော် တင်ရှိနေသော ပရီမီယံကြွေးများ၊ တစ်နှစ်လျှင် ၁၅% ဖြင့် ကျသင့်အတိုးနှင့် ကုမ္ပဏီမှရရန်ရှိငွေများကို နှုတ်ယူပြီးလျှင် ကျန်အာမခံထားငွေကို တစ်လုံးတည်း ထုတ်ပေးမည်။ သို့ရာတွင် ပေါ်လစီရှင်မှ ပြန်လည်ပေးဆပ်ရသည့် စုစုပေါင်းငွေပမာဏသည် ၎င်းရခွင့်ရှိသော အမ်းငွေရသင့်တန်ဖိုးထက် ပိုနေလျှင် အလိုအလျောက်ပေါ်လစီ တည်မြဲနေတော့မည် မဟုတ်ပါ။ ထိုအချိန်တွင် အာမခံ ထားသူသေဆုံး/ထာဝစဉ်လုံးဝမသန်စွမ်းဖြစ်ပါက အာမခံထားငွေကိုရနိုင်ခွင့်မရှိပါ။ သို့ရာတွင်အာမခံထားသူကွယ်လွန်/ထာဝစဉ်မသန်စွမ်းဖြစ်ချိန်၌ ပေါ်လစီအရ ရရှိနိုင် သောစာရင်းပိတ်တန်ဖိုးကိုတွက်ချက်ပြီး ပေါ်လစီရှင်မှပေးရန်ကျန်သည့်စုစုပေါင်းငွေကို နုတ်၍ကျန်ငွေကိုပေါ်လစီရှင်/အကျိုးခံစားခွင့်ရှိသူကိုထုတ်ပေးပါမည်။

- အမ်းငွေရသင့်တန်ဖိုးမရရှိနိုင်သော ပေါ်လစီပျက်နေချိန်တွင်အာမခံထားသူသေဆုံးခြင်း/ထာဝစဉ်မသန်စွမ်းဖြစ်ပါက မည်သည့်အကျိုးခံစားခွင့်မှမရရှိနိုင်ပါ။